ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁၅၆/ ၂၀၂၂

၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

# ခုနှိမ်ခြင်း (Credit) လုပ်ငန်းစဉ်အတွက် ပုံစံများ သတ်မှတ်ထုတ်ပြန်ခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ(ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေနှင့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့အရ ခုနှိမ်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုရမည့်ပုံစံများအား ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်-

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၁။ | ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)အရ ပင်ရင်းမှဝင်ငွေခွန် နုတ်ယူပေးသွင်းပြီးကြောင်း အထောက်အထားလက်မှတ် | ပတခ(ဝင)-၀၅-၀၁ |
| ၂။ | ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ(ဈ)နှင့် (ဈ)တို့အရ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခဲ့ကြောင်း သက်သေခံလက်မှတ် (ပြည်တွင်း၌ ဝယ်ယူခြင်း/ ဝန်ဆောင်မှုဆောင်ရွက်ခြင်း) | ပတခ(ကသခ)-၀၅-၀၁ |
| ၃။ | ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ(ဈ)အရ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခဲ့ကြောင်း သက်သေခံလက်မှတ် (ပြည်ပမှ ဝယ်ယူတင်သွင်းခြင်း) | ပတခ(ကသခ)-၀၅-၀၂ |
| ၄။ | ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ(ည)အရ အခွန်ခုနှိမ်ပြီးကြောင်း တင်ပြလွှာ | ပတခ(ကသခ)-၀၅-၀၃ |
| ၅။ | အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၁၊ အထူးကုန်စည်နည်းဥပဒေများ နည်းဥပဒေ ၄၆၊ နည်းဥပဒေခွဲ(ဃ)၊ နည်းဥပဒေခွဲငယ်(၂)၊ နည်းဥပဒေခွဲငယ်စိတ်(ခခ)နှင့် နည်းဥပဒေခွဲငယ်(၃)၊ နည်းဥပဒေခွဲငယ်စိတ်(ခခ)တို့အရ အထူးကုန်စည်ခွန်ပေးဆောင်ခဲ့ကြောင်း သက်သေခံလက်မှတ် (ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူထံမှ ဝယ်ယူခြင်း) | ပတခ(အထခ)-၀၅-၀၁ |

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၆။ | အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၁၊ အထူးကုန်စည်နည်းဥပဒေများ နည်းဥပဒေ ၄၆၊ နည်းဥပဒေခွဲ(ဃ)၊ နည်းဥပဒေခွဲငယ်(၂)၊ နည်းဥပဒေခွဲငယ်စိတ်(ကက)နှင့် နည်းဥပဒေခွဲငယ်(၃)၊ နည်းဥပဒေခွဲငယ်စိတ်(ကက)တို့အရအထူးကုန်စည်ခွန်ပေးဆောင်ခဲ့ကြောင်း သက်သေခံလက်မှတ် (ပြည်တွင်းသို့ ဝယ်ယူတင်သွင်းခြင်း) | ပတခ(အထခ)-၀၅-၀၂ |
| ၇။ | အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၁၁ နှင့် အထူးကုန်စည်ခွန်နည်းဥပဒေများ နည်းဥပဒေ ၄၆၊ နည်းဥပဒေခွဲ (ဃ) အရ အခွန်ခုနှိမ်ပြီးကြောင်း တင်ပြလွှာ | ပတခ(အထခ)-၀၅-၀၃ |

၂။ ဝင်ငွေခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၁၅၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ(ခ)၊ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)နှင့် အထူးကုန်စည်ခွန်နည်းဥပဒေများ၏ နည်းဥပဒေ ၆၃ တို့အရ ယခင်ထုတ်ပြန်ခဲ့သည့် ပုံစံများအနက် ခုနှိမ်ခြင်းဆိုင်ရာပုံစံများအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၁)/ ဥစ-၁/ ပတခ/ ၂၀၂၂ ( ၂၀၁၁ )
ရက် စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်အားလုံး

ဌာနခွဲညွှန်ကြားရေးမှူးအားလုံး

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး

ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ ၂၊ ၃၊ ၄၊ ၅) } သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးအားလုံး

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

ပြန်ကြားရေးအဖွဲ့ (နေပြည်တော်) } ပြည်တွင်းအခွန်များဦးစီးဌာန website တွင် လွှင့်တင်ရန် ညွှန်ကြားပါသည်။

အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ